ချင်ထောင်ကျေးရွာ

မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၁၇- ၂၀၂၁)


ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ချင်ထောင်ကျေးရွာ၊ မင်းဘူးမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)



၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ

မာတိကာ


စကားချီး ၅

ချင်ထောင်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မင်းဘူးမြို့နယ် ၇

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်

၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၂

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၅

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၆

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင်မြို့နယ်နှင့် ၁၈
အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၉
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

၉။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် ၂၅
အစီအစဉ်များ
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

၁၀။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၆
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၂၉
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၆ ဥစ္စာခနအဆင့်အခြေအနေ
ဇယား ၇ ဈေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက်
အခွင့်အလမ်း၊ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိ
အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့်
စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲ နှင့် ပြဿနာများ

ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂ လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး၊ အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှဖြေရှင်းနည်းအထိ) ၆၇

ကော်မတီစာရင်း ၇၃

ကိုးကားစာရင်း ၇၄

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများ ကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာန မှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေး လုပ်ငန်းများစုစည်း ဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနတို့၏

ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်း ဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဇန်နဝါရီ၊ ၂၀၁၇

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ချင်ထောင်ကျေးရွာ

မင်းဘူး(စကု)မြို့နယ်

ချင်ထောင်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မင်းဘူးမြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁။ နိဒါန်း

### (က)ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့ အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည် ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီး နောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီး ပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာန ဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာ ရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကို ရစေပြီး ကျေးရွာဖွံ့ဖြိုးရေး နှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ် နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက် နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏တိကျသော လိုအပ်ချက်များအား သိရှိ လာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင် မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်း ဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ် အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

**(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ် ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင်ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအားအများဆုံးနှင့်အထိ ရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကိုဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

**၂။ ကျေးရွာ၏ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ**

**(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား**

ချင်ထောင်ကျေးရွာသည် မင်းဘူးမြို့ မင်းရေနံမြေလမ်းမပေါ်တွင် တည်ရှိပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးစိုက်ရာ မင်းဘူးမြို့နှင့်ကား၊ ဆိုင်ကယ်များနှင့်သွားလာ ဆက်သွယ်ရေး လွယ်ကူပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိက အသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းတို့ ဖြစ်ပါသည်။ လယ်ယာမြေများသည် စပါး၊ပဲ စိုက်ပျိုးရန်အတွက် အဓိကအားထားရာဖြစ်သည်။ ၂၀၁၆ခုနှစ် ဩဂုတ်လက မင်းဘူးမြို့ မြောက်ဘက်တွင် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သဖြင့် ကျေးရွာများ ပက်ဆီးဆုံးရှုံးမှုများ ကြောင်း တွေ့ရပါသည်။

**(ခ) သဘာဝအရင်းအမြစ်**

ကျွန်ုပ်တို့ချင်ထောင်ကျေးရွာတွင် လည်မြေအသင့်အတင့်ရှိပြီး မြေပြင်ညီညာပြန့်ဖြူး၍ မြေဆီအသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာနှင့်ထိစပ်သော နေရာများတွင် ရေနံမြေများရှိသော်လည်း

အစိုးရပိုင်ရေနံတွင်းများဖြစ်၍ လက်လှမ်းမမီပါ။ တောင်သူအချို့မှာ လည်မြေဧက (၄၇)ဧကခန့် ကို ရေသွင်းစိုက်ပျိုးနိုင်ပြီး ထွန်ယက်စိုက်ပျိုးနိုင်သည့်ဧက (၂၃၉)ဧကရှိပြီး စပါး၊ နှမ်း၊ပဲတီစိမ်း တို့ကို အဓိကထား စိုက်ပျိုးထုတ်လုပ်ကြပါသည်။

## ၃။ ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

ချင်ထောင်ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၆၀)စုရှိပြီး လူဦးရေစုစုပေါင်း(၂၅၃)ဦးရှိကာ တစ်အိမ်ထောင်စုတွင် ပျမ်းမျှလူဦးရေ (၄)ဦး နှုန်းရှိပြီး နိုင်ငံတော်မှ ချမှတ်ထားသော စံနှုန်း (၅)ဦး လျော့နည်းနေပါသည်။ ကျေးရွာတွင်ဗမာလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိ စုစုပေါင်း လူဦးရေ၏ (၇၃.၉%) ရှိသဖြင့် လူသားအရင်းအမြစ်ကောင်း တရပ်ဖြစ်ကာ လူငယ်များကိုလေ့ကျင့် သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက် အောင်စွမ်းဆောင်နိုင်သည်။

### (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ချင်ထောင်ကျေးရွာတွင် အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တရွာလုံး ၏ ဝင်ငွေအနေအထားမှာ သာမာန်အားဖြင့် လျော့နည်းနေပါသည်။ ဆင်းရဲချမ်းသာအဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏(၁၅%)ခန့်သည်ဆင်းရဲနှင့်အလွန်ဆင်းရဲဖြစ်ပြီး(၁၆.၆၆%) ခန့်သည် ချမ်းသာသည့် အဆင့်၊ (၃၃.၃%)ခန့်သည် အလယ်အလတ်အဆင့်ရှိသည်ဟု သတ်မှတ် ကြပါသည်။ ကျေးရွာတွင် လယ်မြေပိုင်ဆိုင်မှု၊ စက်ကိရိယာပိုင်ဆိုင်မှုမရှိသဖြင့် ဆည်ရေသွင်း စိုက်ပျိုးနိုင်မှု နည်းခြင်းတို့ကြောင့် ကျေးရွာ၏ စီးပွားရေးအနေအထားမှာ ညံ့ဖျင်းကြောင်း တွေ့ရှိရပါသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် စိုက်ပျိုးရေးကိုသာ အဓိက လုပ်ကိုင်ကြသည်။ ရာသီအလိုက်တောင်သူ လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီခေါင်းရွက်ဗျက်ထိုးလုပ်ငန်းများ တစ်နိုင်တစ်ပိုင် မွေးမြူရေး လုပ်ငန်းများတွင်း အလုပ်အကိုင်ရှာဖွေရရှိနိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲ နှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများ၏ (၃၀%) ဖြစ်သော ၉ အိမ်ထောင်စုကို လေ့လာစန်းစစ်မှုအရ ချေးငှား စားသောက်ရပါသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စု အားလုံးသည် အကြွေး (၁၀၀၀၀၀ဝိ/)ကျပ်မှ (၅၀၀၀၀၀ဝိ/)ကျပ်ထိ တင်ရှိကြသည်။ အိမ်ထောင်စုများ၏ (၈.၃%) ခန့်သည် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများဖြစ်ကြပြီး အခြားဒေသသို့ကြာမြင့်စွာ

သွားရောက်လုပ်ကိုင်နေဂသည့်အိမ်ထောင်စု (၄)စုတို့သည် ထိခိုက်လွယ်သော အိမ်ထောင်စုများ ဖြစ်ကြသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြသည်။ ယင်လုံအိမ်သာနှင့် ကျန်းမာရေးဗဟုသုတရှိခြင်းကြောင့် ဝမ်းပျက် ဝမ်းလျှော၊ သွေးလွန်တုတ်ကွေး၊ ငှက်ဖျားရောဂါများ ဖြစ်ပွားမှုနည်းပါးပါသည်။ အဝီစိတွံကင်မှ သောက်သုံးရေလုံလောက်စွာရရှိပါသည်။ အခြေခံကျန်းမာရေး စောင့်ရှောက်မှုအတွက် (၃)မိုင်ကွာ ဝေးသော ကျေးလက်ကျန်းမာရေးဆေးပေးခန်းနှင့်လက်လှမ်းမီပါသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် နိမ့်ကျကြောင်းတွေ့ရှိရသည်။ ရွာသား အများစု သည် အခြေခံ အရေး၊အဖတ်၊အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရ အရေအတွက် နည်းပါးသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာပြင်ရှိ မူလတန်းကျောင်းတွင်တက်ရောက်သင်ကြားနိုင်သည်။ အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှု မှာ နိမ့်ကျဆဲ ဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးပါသည်။

**(စ) ကျား-မရေးရာ ကိစ္စဆိုင်ရာ**

ချင်ထောင်ကျေးရွာ တွင် ကျား-မရေးရာကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။

ကျေးရွာတွင် ကျားနှင့်မအကြားပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား/အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြား နယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်သည်။ ပညာရေးနှင့် ဆိုင်သောကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ မိန်းကလေးအရေအတွက်သည် ယောကျ်ားလေး အရေအတွက်ထက် နည်းနေသော်လည်း အလယ်တန်းနှင့်အထက်တန်းတွင် မ အရေအတွက်မှာ ကျား အရေအတွက်ထက် ပိုများနေ၍ အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေး မှာ အမျိုးသားများနှင့်အတူတူပင်ဖြစ်သည်။

သို့သော်ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများကပိုမိုရကြသည်။ အဘယ့်ကြောင့်ဆိုသော် လုပ်အားသဘာဝနှင့်အင်အားစိုက်ထုတ်ရမှု မတူညီ၍ အမျိုးသမီး များထက် အမျိုးသားများက လုပ်အားခပိုမိုရရှိခြင်းဖြစ်သည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများ တွင် အမျိုးသမီး ပါဝင်မှုမရှိပါ။ကျား/မတန်းတူညီမျှမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်းများ ဆောင်ရွက်ပေးခြင်း ဖြင့် ကျား/မတန်းတူညီမျှမှုတို့အတွက် ပိုမို အထောက်အပံ့ဖြစ်လာနိုင်ပါသည်။

**၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျေးရွာတွင် လူငယ်အဖွဲ့၊ ဝတ်အသင်းနှင့် CSR အဖွဲ့တို့ရှိသည်။ လူငယ်အဖွဲ့မှာ သာရေး နာရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်ကြပြီး ဝတ်အသင်းမှာ ဘာသာရေးတွင် ဆောင်ရွက်ကြ ပါသည်။ CSR အဖွဲ့မှာ ငွေစုငွေချေးလုပ်ငန်းကို ဆောင်ရွက်ကြပါသည်။အဆိုပါ အဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့် တစ်ဖွဲ့များအကြား ချိတ်ဆက်မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အားနည်း ကြပြီး အဖွဲ့အစည်းများဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေး ဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက် ကောင်းမွန်လာနိုင်ပါသည်။

**(ခ) သီးနှံ၊ သား၊ ငါး ထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာတွင် စပါး၊နှမ်းနှင့်ပဲတီစိမ်းတို့ကို အဓိကထားစိုက်ပျိုးကြပြီး စပါးစိုက်ဧကမှာ (၄၇)ဧကခန့်ရှိပြီး နှမ်းနှင့်ပဲတီစိမ်း စိုက်ဧကမှာ (၁၉၂)ဧက စိုက်ပျိုးကြပါသည်။ စပါးတစ်ဧက သီးနှံအထွက်နှုန်း (၇၀)တင်းခန့်ထွက်ရှိပါသည်။စပါးစိုက်ပျိုးရန် (၄၇)ဧကခန့်ကို ရေသွင်း စိုက်ပျိုးနိုင်ကြသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ ရရှိနိုင်ကြပြီး စိုက်ပျိုးရေးပစ္စည်း ကုမ္ပဏီများမှလည်း တောင်သူများအတွက် ဝန်ဆောင်မှုများ ပေးပါသည်။ လုပ်ငန်းခွင်တွင် အလုပ်သမားမလုံလောက်မှုပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမိုပေးမှသာ ငှားရမ်းရရှိနိုင်ကြသည်။ တောင်သူများမှာ အလုပ်သမားရှားပါးမှုနှင့် ကုန်ကျစရိတ် မြင့်မားမှု တို့ကြောင့် အခက်အခဲများနှင့် ရင်ဆိုင်နေကြရပါသည်။ သွင်းအားစုကုန်ကျစရိတ် မြင့်မားမှု တို့ကြောင့် အမြတ်အစွန်းရရှိမှု နည်းပါးပါသည်။ ရာသီဥတုမမျှတခြင်း၊ ပိုးမွှားကျရောက်ခြင်း၊ စိုက်ပျိုးရေးနည်းပညာ နည်းပါးခြင်း တို့ကြောင့် သီးနှံအထွက်နှုန်းလျော့နည်း၍ အမြတ်နည်းခြင်း ဖြစ်ပါသည်။

ကျေးရွာတွင် တပိုင်တနိုင် နွားနှင့်ကြက်ကို မွေးမြူကြပါသည်။ နွားမွေးသည့် အိမ်ထောင်စု သည် ကျေးရွာရှိ အိမ်ထောင်စု၏ (၆၅%)ခန့်သာရှိပြီး ကြက်မွေးမြူသည့် အိမ်ထောင်စု ကျေးရွာရှိ

အိမ်ထောင်စု၏ (၃၅%)ခန့် မွေးမြူကြပါသည်။ နွားမွေးမြူခြင်းတွင် ခိုင်းနွားများသာ စိုက်ပျိုးရေး အတွက် အဓိက မွေးမြူကြပါသည်။ တိရစ္ဆာန်ရောဂါကျရောက်တတ်ခြင်းနှင့် မွေးမြူရေးဆိုင်ရာ ချေးငွေမလုံလောက်ခြင်းတို့ကြောင့် တိုးချဲ့လုပ်ကိုင်ရန် ငွေကြေးမလုံလောက်မှု များရှိပါသည်။

**(ဂ) စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် စိုက်ပျိုးရေးအပြင် အခြားဝင်ငွေရလုပ်ငန်းလုပ်ကိုင်သူအနေဖြင့် ပညာရေး ဝန်ထမ်း(၁)ဦး၊ လက်လီရောင်းဝယ်သူ(၁၀)ဦး၊ လက်လုပ်လက်စားများမှာ စိုက်ပျိုးရာသီတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှုနည်းပါးပါသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားခြင်းမှာ ကျေးရွာ၏ အလားအလာ ကောင်းတရပ်ဖြစ်ပါသည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကြောင်းသင်တန်းများကို တက်နိုင်သော်လည်း သင်တန်းများနှင့် အထိအတွေ့နည်းပါးကြသည်။ ငွေကြေးအဆင်ပြေသော အိမ်ထောင်စု အချို့သာ အပ်ချုပ်စက်ပြင် စသောသင်တန်းများကို အခကြေးငွေ အကုန်အကျခံကာ ပို့လွှတ် သင်ကြား ကြပါသည်။

**(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု**

ကျေးရွာရှိ စိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတု မြေဩဇာ သုံးစွဲမှုများပြားခြင်း၊ နည်းစနစ်မမှန်ခြင်းတို့ကြောင့် နည်းပညာအကူအညီ လိုအပ်နေ ပါသည်.။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင် ဆောင်ရွက် ပေးသင့်ပါသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာမှ တောင်သူများသည် မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေ ကို ပြား(၈၀)နှုန်းဖြင့် ချေးယူနိုင်ကြသည်။ အခြားအနေဖြင့် ပက်စ်မြန်မာနှင့်သမတို့မှ ချေးငွေကို (၃)ကျပ်နှုန်းဖြင့် အသင်းဝင်များချေးယူနိုင်သည်။ ရွာသားအများစုသည် ချေးငွေကို အကြောင်း မျိုးစုံဖြင့် ချေးယူကြပြီး ချေးငွေလိုအပ်ချက်များပြားကြောင်းတွေ့ရှိ၇ပါသည်။ လက်လုပ် လက်စား ကျပန်းသမားများမှာ အကြွေးတင်မှုနည်းပါး၍ တောင်သူလတ်နှင့် တောင်သူငယ်များမှာ စိုက်ပျိုးရေးသွင်းအားစုများအတွက် ကုန်ကျစရိတ်များပြီး အထွက်နှုန်းနှင့် ဈေးကွက်မသေချာ သောကြောင့် အကြွေးတင်မှု မြင့်မားပါသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် မူလတန်းကို ရွာပြင်ရှိ တက်ရောက်သင်ကြားနိုင်ပြီး အရွယ်အစားမှာ (၄၈'×၂၂'×၁၂') နှင့် (၂၂'×၂၂'×၁၂') ရှိပါသည်။ ရွာသူ/သား အားလုံးမှာ အရေး၊အဖတ်၊အတွက် တတ်မြောက်ကြပြီး လူဦးရေ၏(၁.၃၂%) မှာ ဘုန်းကြီးကျောင်းသင် ပညာရေးသာ ရှိကြ၍၊ မူလတန်းပညာ နှင့် အလယ်တန်းပညာရေးပြီးဆုံးသူဦးရေများနေကြောင်းတွေ့ရပါသည်။ ကျောင်းဆရာ/မဦးရေမှာ ကျောင်းဆရာ(၁)ဦး၊ ကျောင်းဆရာမ(၄)ဦး စုစုပေါင်း(၅)ရှိပါသည်။ ဆရာ/မ အင်အား လုံလောက် ပါသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိသည့်အတွက် (၃)မိုင်ကွာဝေးသော ကျေးလက်ဆေးခန်းတွင်ပြသရပါသည်။ မင်းဘူးမြို့နှင့်(၇)မိုင်ကွာဝေးပြီး လက်လှမ်းမီပါသည်။ အဆောက်အဦးမှာ မြစ်ရေ ကြီးခြင်းကြောင့် ပျက်စီးသွားပါသည်။

သောက်သုံးရေအတွက် အဝီစိတုံကင်များမှရရှိပြီး လုံလောက်မှု ရှိပါသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲသဖြင့် ရေကြောင့် ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှု နည်းပါးပါသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာ စနစ်တကျ ဆောက်လုပ်ထားပြီး ကျောင်းသူ/သားများအတွက် အသုံးပြုရလွယ်ကူပါသည်။

**(ဆ)လူငယ်နှင့် ယဉ်ကျေးမှု**

ကျေးရွာတွင် လူငယ်များအတွက် အပန်းဖြေအနားယူနိုင်သည့် နေရာသီးသန့် မရှိပါ။ လူငယ်များသည် လူမှုရေးလုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လုပ်အားဖြင့် တက်ကြွစွာ ပါဝင် ဆောင်ရွက်ကြပါသည်။

**(ဇ) အခြေခံ အဆောက်အဦးများအား လက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

၂၀၁၆ခုနှင်တွင် ကျေးရွာတွင်းလမ်းအား ကျောက်ခင်းလမ်းကို ဖောက်လုပ်ခဲ့ပါသည်။ ချည်းကပ်လမ်းမှာ ကတ္တရာလမ်းဖြစ်ပြီး ရွာချင်းဆက်လမ်းမှာ ကျောက်ခင်းလမ်းဖြစ်ပါသည်။ ကျေးရွာတွင် လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ် (၃၉)စီး၊ စက်ဘီး (၂)စီး ၊ နွားလှည်း (၁၉)စီး တို့ဖြင့် သွားလာဆက်သွယ်နိုင်ပါသည်။

ကျေးရွာတွင် ဆိုလာလျှပ်စစ်မီး အသုံးပြုသူ အိမ်ထောင်စု(၆)စု နှင့် ဒီဇယ်အင်ဂျင်အသုံးပြုသူ(၁)ဦး ရှိပါသည်။ ကျန်အိမ်ထောင်စုများမှာ ဘက်ထရီ၊ဖယောင်းတိုင်တို့ကို အသုံးပြုကြသည်။ကျေးရွာတွင် ကိုယ်ထူကိုယ်ထ စာကြည့်တိုက်ရှိခြင်းကြောင့် သတင်းစာ၊ဂျာနယ်တို့ကို ဖတ်ရှုနိုင်ကြသည်။

ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို လက်လှမ်းမှီအသုံးပြုနိုင်ကြပြီး သတင်းအချက်အလက်များ ကောင်းမွန်စွာ ရရှိပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ဆက်သွယ်ရေးလက်လှမ်းမှီမှု၊ လူထုအခြေပြု သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် များ သီးခြားရေးဆွဲထားခြင်းမရှိပါ။ ရဲစခန်းများ လက်လှမ်းမှီမှု ရှိပါသဖြင့် တည်ငြိမ်အေးချမ်းမှု နှင့် ပြည်သူ့လုံခြုံရေး ရှိပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု၊ ခိုးမှု၊ မူးယစ်ဆေးဝါးသုံးစွဲမှု၊ အကြမ်းဖက်မှုများ မရှိရခြင်းမှာ အုပ်ချုပ်ရေး လက်လှမ်းမီခြင်းကြောင့် ဖြစ်ကြောင်း တွေ့ရှိရပါသည်။

**၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်ပံ့ဖြစ်စေသော အခြေနေကောင်းများ**

ကျေးရွာတွင် အိမ်ထောင်စု(၆၀)အနက် (၆)အိမ်ထောင်စုသာ ဆိုလာမီးရှိပြီး ကျန်အိမ်ထောင်စုများမှာ ကျန်အိမ်ထောင်စုများမှာ ဘက်ထရီဖဘောင်းတိုင်တို့ကို အသုံးပြုကြသည်။ ကျောင်းသူကျောင်းသားများအတွက် စာဖတ်ချိန် အထောက်အပံ့ဖြစ်စေရန်နှင့် လူနေမှုအဆင့်အတန်းမြင့်မားစေရန် လျှပ်စစ်မီးချိတ်ဆက်အသုံးပြုနိုင်ရန် လိုအပ်သည်။ အလုပ်လုပ်နိုင်သောအရွယ်မှာ လူဦးရေ၏ (၇၃.၉%) ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းမွန်ပါသည်။ ဘွဲ့ရ အရေအတွက် (၅.၇၅%) သာရှိပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်း မရှိသည့်အတွက် (၃)မိုင်ကွာဝေးသော ကျေးလက်ဆေးခန်းတွင်ပြသရပါသည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့် ပုံပိုး ပစ္စည်းများမှာ လက်ရှိပညာရေးအတွက် လုံလောက်မှု မရှိပါ။

သဘာဝအရင်းအမြစ်များတွင် မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာအသင့်အတင့် ကောင်းမွန်ပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သဖြင့် ကုန်စည်စီးဆင်းမှု လွယ်ကူမြန်ဆန်ပါသည်။

ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းတွင် တပိုင်တနိုင်သာ မွေးမြူကြသည်။ ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန် စည်ကူးသန်းရောင်းဝယ်မှုကို

ချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်မှုကို ဈေးကွက်နှင့် အခြားဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမှီ အသုံးပြုနိုင်ကြသည်။

**(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ**

ကျေးရွာရှိလယ်မြေများမှာ မြေဆီလွှာအသင့်အတင့်ကောင်းမွန်သည်မှအပ လယ်မြေထပ်မံ တိုးချဲ့နိုင်၍ အထွက်နှုန်းတိုးမြှင့်ရန် အားစိုက်ရပါသည်။ လယ်မြေဧက (၄၇)ဧကကို ရေသွင်း စိုက်ပျိုးနိုင်သော်လည်း ရာသီဥတုဆိုးရွားခြင်း နှင့် ပိုးမွှားကျရောက်မှုမြင့်မားခြင်းတို့ကြောင့် သီးနှံ ထွက်နှုန်းလျော့ နည်းစေပါသည်။ ထို့ကြောင့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာအကူအညီ လိုအပ်နေပါသည်။ သွင်းအားစုလိုအပ်ချက်များခြင်း၊ လုပ်သားရှားပါးခြင်း နှင့် အရင်းအနှီး များပြားခြင်းတို့ကြောင့် အရင်းအနှီးမလုံလောက်သဖြင့် အတိုးကြီးစွာပေး၍ ချေးငှားနေရပါသည်။

**၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင် ညှိနှိုင်းပြီးလာမည့် ငါးနှစ် တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထား ပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာတွင်းလမ်းများအား ကွန်ကရစ်ခင်းခြင်းဖြင့် အဆင်ပြေ ချောမွေ့စွာသွားလာနိုင်စေမည် ဖြစ်ပါ သည်။

က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် (၄၀၀)ဗို့လိုင်း တည်ဆောက်ခြင်းဖြင့် ကျောင်းသားလူငယ်များ ပညာရေးတွင် အထောင်အကူပြုပြီး လူမှုစီးပွားဘဝ တိုးတက်လာနိုင်မည်ဖြစ်ပါသည်။

က.၃) ကျွန်ုပ်တို့ကျေးရွာလူထုသည် မန်းချောင်းရေတင် စီမံကန်းဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေ လုံလောက်စွာ ရရှိနိုင်ပြီး စိုက်ပျိုးရေး ကဏ္ဍတိုးတက်လာနိုင်မည်ဖြစ်မည်ဖြစ်ပါသည်။

က.၄) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျန်းမာရေးဆေးပေးခန်း တည်ဆောက်ခြင်းဖြင့် ကျန်းမာရေး စောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာနိုင်မည် ဖြစ်ပါသည်။

က.၅) ကျွန်ုပ်တို့ကျေးရွာလူထုသည် လူနာတင်ယာဉ် ရရှိရေးဆောင်ရွက်ခြင်းဖြင့် ကျန်းမာရေးဝန်ဆောင်မှုများ ရရှိပြီး ပိုမိုကောင်းမွန်လာနိုင်မည် ဖြစ်ပါသည်။

က.၆) ကျွန်ုပ်တို့ကျေးရွာလူထုသည် စပါး၊ နှမ်းနှင့် ပဲမျိုးစုံ မျိုးကောင်းမျိုးသန့်ရရှိရေးကို ဆောင်ရွက်ခြင်းဖြင့် အထွက်နှုန်းများပိုမိုကောင်းမွန်လာနိုင်မည်ဖြစ်ပါသည်။

က.၇) ကျွန်ုပ်တို့ကျေးရွာလူထုသည် စိုက်ပျိုး/မွေးမြူရေးဆိုင်ရာဟောပြောမျိုး ကျင်းပခြင်းဖြင့် စိုက်ပျိုး/မွေးမြူရေးဆိုင်ရာ အသိပညာဗဟုသုတများ တိုးပွားလာပြီး အကောင်အထည်ဖော်ဆောင်ရွက်၍ မိသားစုဝင်ငွေတိုးပွားလာနိုင်မည်ဖြစ်ပါသည်။

က.၈) ကျွန်ုပ်တို့ကျေးရွာလူထုသည် ရေထိန်းနံရံ တည်ဆောက်ခြင်း(မန်းကမ်းပါး)ဖြင့် ရေကြီးချိန်တွင် ကမ်းပါးပြိုခြင်းမှ ကင်းဝေးနိုင်မည်ဖြစ်ပါသည်။

က.၉) ကျွန်ုပ်တို့ကျေးရွာလူထုသည် အသက်မွေးဝမ်းကြောင်းသင်တန်းများ ဖွင့်လှစ်ခြင်းဖြင့် ကျေးရွာ လူငယ်များအတွက် အသိပညာဗဟုသုတများတိုးပွားသော ကျွမ်းကျင်လုပ်သားများပေါ်များကာ အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်ပြီး မိသားစုဝင်ငွေ တိုးပွားလာနိုင်မည်ဖြစ်ပါသည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင် ကျေးရွာတွင်းလမ်းများအား ကွန်ကရစ်လမ်းခင်းခြင်းအား ကျေးရွာမှ လုပ်အား၊ ငွေအား ပါဝင်ဆောင်ရွက်ရန် စည်းရုံးဆောင်ရွက်ပြီး နည်းပညာများအား ကျေးလက်ဦးစီး ဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ပြီး ကျေးရွာမှ လုပ်အားနှင့် ငွေကြေးထည့်ဝင်ဆောင်ရွက်သွားပါမည်။

ခ.၂) ကျေးရွာတွင် ကျောင်းသားလူငယ်များ ပညာရေးတွင် အထောက်အကူပြုပြီး လူမှုစီးပွားဘဝတိုးတက်လာနိုင်စေရန် (၄၀၀)ဗို့လိုင်း တည်ဆောက်ခြင်းအား ကျေးရွာမီးလင်းရေးကော်မတီမှ မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ခ.၃) ကျေးရွာတွင် စိုက်ပျိုးရေ လုံလောက်စွာ ရရှိနိုင်ပြီး စိုက်ပျိုးရေး ကဏ္ဍတိုးတက်လာနိုင်စေရန် မန်းချောင်းရေတင် စီမံကန်းဆောင်ရွက်ခြင်းအား ကျေးရွာမှ တောင်သူအဖွဲ့မှ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ခ.၄) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျန်းမာရေး စောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာနိုင်စေရန် ကျန်းမာရေးဆေးပေးခန်း တည်ဆောက်ခြင်းအား ရပ်မိရပ်ဖများနှင့် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ကျန်းမာရေးဦးစီးဌာနနှင့် ချိက်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ခ.၅) ကျေးရွာတွင် ကျန်းမာရေး စောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာနိုင်စေရန် လူနာတင်ယာဉ်ရရှိအောင်ဆောင်ရွက်ခြင်းအား ကျေးရွာမှ ရပ်မိရပ်ဖများ ၊ ဖွံ့ဖြိုးရေးအဖွဲ့များမှ

ကျန်းမာရေးဦးစီးဌာနနှင့် ဖွံ့ဖြိုးရေး NGO အဖွဲ့များအား ချိတ်ဆက်ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

၁.၆) ကျွန်ုပ်တို့ကျေးရွာလူထုသည် သီးနှံများ အထွက်နှုန်းများပိုမိုကောင်းမွန်လာနိုင်စေရန် စပါး၊ နှမ်းနှင့် ပဲမျိုးစုံ မျိုးကောင်းမျိုးသန့်ရရှိရေးကို ဆောင်ရွက်ခြင်းအား စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးဆေးကုမ္ပဏီများထံသို့ တင်ပြတောင်းခံသွားမည်ဖြစ်ပါသည်။

၁.၇) ကျေးရွာတွင် စိုက်ပျိုး/မွေးမြူရေးဆိုင်ရာ အသိပညာဗဟုသုတများ တိုးပွားလာပြီး အကောင်အထည်ဖော် ဆောင်ရွက်၍ မိသားစုဝင်ငွေတိုးပွားလာနိုင်စေရန် စိုက်ပျိုး/မွေးမြူရေး ဆိုင်ရာ ဟောပြောများ ကျင်းပခြင်းအား စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးဆေးကုမ္ပဏီများ ထံသို့ တင်ပြတောင်းခံသွားမည်ဖြစ်ပါသည်။

၁.၈) ကျေးရွာတွင် ရေကြီးချိန် တွင် ကမ်းပါးပြိုခြင်းမှ ကင်းဝေးနိုင်စေရန် ရေထိန်းနံရံ တည်ဆောက်ခြင်း(မန်းကမ်းပါး)အား မြစ်များချောင်းများဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက် မည်ဖြစ်ပါသည်။

၁.၉) ကျေးရွာတွင် ကျေးရွာလူငယ်များအတွက် အသိပညာဗဟုသုတများတိုးပွားသော ကျွမ်းကျင် လုပ်သားများ ပေါ်များကာ အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်ပြီး မိသားစုဝင်ငွေတိုးပွားလာနိုင် စေရန် အသက်မွေးဝမ်းကြောင်းသင်တန်းများ ဖွင့်လှစ်ခြင်းအား ကျေးလက်ဦးစီးဌာန၊ အသေးစား စက်မှုလက်မှုဦးစီးဌာနနှင့် NGO အဖွဲ့များအား ချိတ်ဆက်ဆောင်ရွက် သွားမည်ဖြစ် ပါသည်။

**(ဂ) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ**

အစိုးရ၏မူဝါဒနှင့်လုပ်ငန်း အစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရ ဌာနဆိုင်ရာ များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေး အဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုး ပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက် အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများ ကိုယ်တိုင် အား ထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံး အတည်ပြုထားသည့် ဖွံ့ဖြိုးရေး

အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန် စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေး စီမံချက်များနှင့်ဘတ်ဂျတ် ပမာဏပါဝင်သည့် နှစ်ပါတ်လည် ဖွံ့ဖြိုးရေး စီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

**(ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး**

ကျေးရွာတွင် စပါး၊နှမ်းနှင့်ပဲတီစိမ်းကို စိုက်ပျိုးကြသည်။ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးကို စနစ်တကျ အသုံးမပြုတတ်ခြင်းကြောင့် စိုက်ခင်းများတွင် သီးနှံဖျက်ပိုးကျရောက်ခြင်းများ ကြုံနေရသဖြင့် စိုက်ပျိုးရေးနည်းပညာ ဟောပြောပွဲများ ၊ သင်တန်းများ လိုအပ်နေပါသည်။ စိုက်ပျိုးရေး စရိတ် ချေးငွေများ လုံလောက်စွာရရှိရန်လိုအပ်နေပါသည်။ နည်းပညာ အသုံးပြုပုံ များအပါအဝင် ပိုးမွှား နှိမ်နင်းရေး နည်းပညာအသစ်ရရှိရေးတို့အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ပေးသင့်ပါ သည်။

**(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီး များအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် တောင်သူများအတွက် အထိုက်အလျောက် များပြားသော စိုက်ပျိုးစရိတ် ချေးငွေများ အချိန်မီ ရရှိရန် လိုအပ်ပါသည်။

**(ဃ) ကျေးလက်အသေးစား စက်မှု၊ လက်မှုလုပ်ငန်းများ ဆိုင်ရာအထောက်အပံ့**

ကျေးရွာတွင် စီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်နှင့် သတင်းအချက်အလက် လက်လှမ်းမီမှု နည်းပါသည်။ ကျေးရွာတွင် အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်း သစ်များ ယခုအခါ အဆင်သင့် မတွေ့ရသေးပါ။ အလုပ်အကိုင်အခွင့်အလမ်းပေါ်စေရန် သက်မွေး သင်တန်းများ ဖွင့်လှစ်ပေးရန် လိုအပ်ပါသည်။ နိုင်ငံတော်အစိုးရ အနေဖြင့်လည်း စီးပွားရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု အဖွဲ့တစ်ခု ထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေး အောက်တွင် ထားရှိကာ တစ်နှစ် ပတ်လုံး ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။

**၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများ အဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသောပန်းတိုင်များကို ရောက်ရှိရန်ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိက သော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုက ငါးနှစ်တာစီမခံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ တစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက် မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ အတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကိုအကဲဖြတ်ရာတွင် စီးပွါးရေးအကျိုး ဖြစ်ထွန်းမှုနှင့်အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည် မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူ ပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း (Functional classification) – ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များ အလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) သည် စီမံချက်ကိုအကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်း၊ အသုံးစရိတ်စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြား သိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း၊ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသောလုပ်ငန်းကဏ္ဍ အပိုင်းအခြားများကို သိရှိနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေး အစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင်စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များ ကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများ ထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များ

| အကြောင်းအရာ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြခြင်း | မှတ်ချက် |
|---|---|---|---|---|---|
| *လျှပ်စစ်ကဏ္ဍ* | | | | | |
| | (၄၀၀)ဗို့လိုင်း တည်ဆောက်ခြင်း | ၉၅ | ၂ | - မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | |
| *ကျန်းမာရေးကဏ္ဍ* | | | | | |
| | ကျန်းမာရေးဆေးပေးခန်း တည်ဆောက်ခြင်း | ၈၆ | ၅ | -ဆေးခန်းရရှိရန် ကျန်းမာရေးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>-ကျန်းမာရေးဝန်ထမ်းရရှိအောင် တင်ပြခြင်း<br>-ကျန်းမာရေးအတွက် အထောက်အကူပေးသော အဖွဲ့များ၊ NGOများနှင့် ချိတ်ဆက်၍ အကူအညီတောင်းခံခြင်း | |
| *လူမှုရေးကဏ္ဍ* | | | | | |
| | လူနာတင်ယာဉ်ရရှိရေး ဆောင်ရွက်ခြင်း | ၈၄ | ၆ | -ကျန်းမာရေးဦးစီးဌာနမှ အကူအညီရယူခြင်း<br>-ဖွံ့ဖြိုးရေးဆိုင်ရာအဖွဲ့အစည်းများမှ ကွင်းဆင်းဆောင်ရွက်ပေးခြင်း | |

| | | | | |
|---|---|---|---|---|
| ***အခြေခံအဆောက်အဦကဏ္ဍ*** | | | | |
| | ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | ၁၀၀ | ၁ | -ကျေးလက်ဦးစီးဌာနမှအကူအညီရယူခြင်း<br>-ကျေးလက်ဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း |
| ***စိုက်ပျိုးရေးကဏ္ဍ*** | | | | |
| | မန်းချောင်းရေတင်စီမံကိန်း ရရှိရေးဆောင်ရွက်ခြင်း | ၉၀ | ၄ | -သက်ဆိုင်ရာဌာနများမှ အကူအညီရယူခြင်း<br>-သက်ဆိုင်ရာဌာနပညာရှင်များမှ ကွင်းဆင်းဆောင်ရွက်ပေးခြင်း |
| | ရေထိန်းနံရံတည်ဆောက်ခြင်း(မန်းကမ်းပါး) | ၇၆ | ၉ | --သက်ဆိုင်ရာဌာနများမှ အကူအညီရယူခြင်း<br>-သက်ဆိုင်ရာဌာနပညာရှင်များမှ ကွင်းဆင်းဆောင်ရွက်ပေးခြင်း |
| ***စိုက်ပျိုးရေးကဏ္ဍ*** | | | | |
| | စပါး၊နှမ်းနှင့် ပဲမျိုးစုံမျိုးကောင်းမျိုးသန့်ရရှိရေး ဆောင်ရွက်ခြင်း | ၈၀ | ၇ | -သက်ဆိုင်ရာဌာနများမှ အကူအညီရယူခြင်း<br>-သက်ဆိုင်ရာဌာနပညာရှင်များမှ ကွင်းဆင်းဆောင်ရွက်ပေးခြင်း |

| | | | | |
|---|---|---|---|---|
| *စိုက်ပျိုးရေးကဏ္ဍ* | | | | |
| | စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ကျင်းပခြင်း | ၇၈ | ၈ | -သက်ဆိုင်ရာဌာနများမှ အကူအညီရယူခြင်း<br>-သက်ဆိုင်ရာဌာနပညာရှင်များမှ ကွင်းဆင်းဆောင်ရွက်ပေးခြင်း |
| *မွေးမြူရေးကဏ္ဍ* | | | | |
| | မွေးမြူရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ကျင်းပခြင်း | ၇၈ | ၈ | -သက်ဆိုင်ရာဌာနများမှ အကူအညီရယူခြင်း<br>-သက်ဆိုင်ရာဌာနပညာရှင်များမှ ကွင်းဆင်းဆောင်ရွက်ပေးခြင်း |
| *စိုက်ပျိုး/မွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများကဏ္ဍ* | | | | |
| | အသက်မွေးဝမ်းကြောင်းသင်တန်းများဖွင့်လှစ်ခြင်း | ၇၄ | ၁၀ | -ကျေးလက်ဦးစီးဌာန၊ အသေးစားစက်မှုလက်မှုဦးစီးဌာနမှ အကူအညီရယူခြင်း<br>-သက်ဆိုင်ရာဌာနပညာရှင်များမှ ကွင်းဆင်းဆောင်ရွက် |

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

ကျေးရွာလူထုကဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများ ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

